အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၅

၁၉ ဇူလိုင် ၂၀၂၂

## စစ်ကောင်စီကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာအနက် အများဆုံး သုံးမျိုး

**(ဇူလိုင်လ ပထမနှစ်ပတ်တာကာလအတွင်း)**

**ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း**

ပြည်သူများ၏ ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးခံရမှုမှာ ၁၄ ရက်တာ ကာလအတွင်း ၃၇ ကြိမ်အထိ ရှိခဲ့ပြီး ရာချီသည့် နေအိမ်များ မီးရှို့ဖျက်ဆီးခံရကာ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ယင်းဖျက်ဆီးခံရမှုများမှာ စစ်ကိုင်းတိုင်းအတွင် အများဆုံးဖြစ်ကာ အနည်းဆုံး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။

**အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းစေခြင်း**

အတင်းအဓမ္မ နေရပ်ရွှေ့ပြောင်းစေမှုပေါင်း အနည်းဆုံး ၂၄ မှုအထိ ရှိခဲ့ပြီး အရပ်သားပြည်သူ အနည်းဆုံး ၂၉,၀၀၀ ခန့် နေရပ်စွန့်ခွာ ခဲ့ရသည်။ ဖြစ်ပွားမှုအများဆုံးမှာ စစ်ကိုင်းတိုင်းအတွင်း ဖြစ်ကာ ယင်းဒေသတစ်ခုတည်းတွင်ပင် အနည်းဆုံး ၁၇ မှု ရှိသည်။

**တရားလက်လွတ် ဖမ်းဆီးခြင်း**

ဇူလိုင်လ၏ ပထမ နှစ်ပတ်တာကာလအတွင်း တရားလက်လွတ် ဖမ်းဆီးမှုပေါင်း အနည်းဆုံး ၆၁ မှုအထိ ရှိခဲ့သည်။ ဖမ်းဆီးမှုအများဆုံးမှာ ရန်ကုန်နှင့် တနင်္သာရီတို့တွင် ဖြစ်ကာ အနည်းဆုံး ခြောက်ကြိမ်စီ အထိ ဖြစ်ပွားခဲ့သည်




## ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

**(ဇူလိုင်လ ပထမနှစ်ပတ်တာကာလအတွင်း)**

- မြန်မာနိုင်ငံရှိ ကလေးသူငယ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးကော်မတီ၏ ကြေငြာချက်အပေါ်တုံ့ပြန်သဘောထားကြေငြာချက် (၁ ဇူလိုင်)
- ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၅၀ ကြိမ် မြောက်အစည်းအဝေး၊ မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမူဆလင်များနှင့် အခြား လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက် များနှင့် ပတ်သက်သည့် ထုတ်ပြန်ချက် (၈ ဇူလိုင်)

စာ ၆ သို့ ››




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည် ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေ သည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင် နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြား နိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့ က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့ တိုင်ကြားရာ မှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုးကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တ ကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ်ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## နှစ်ပတ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# “ဆိုးဆိုးရွားရွားပါပဲ…မပြေးနိုင်အောင် ခြေထောက်တွေ ဖြတ်ပြီး အရှင်လတ်လတ် မီးရှို့ထားတာ”

**မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဒန်းပင်ကန်ရွာ၌ CDM ပညာရေးဝန်ထမ်းနှစ်ဦး၊ CDM ကျန်းမာရေးဝန်ထမ်းတစ်ဦးနှင့် လူငယ် နှစ်ဦးအား အကြမ်းဖက်စစ်ကောင်စီတပ်များ၏ ဖမ်းဆီးသတ်ဖြတ်ခံရသည့်ဖြစ်စဥ်နှင့် ပတ်သက်၍ ဒေသခံတစ်ဦးအား မေးမြန်းခြင်း**

**မေး။** မြိုင်မြို့နယ်၊ ဒန်းပင်ကန်ကျေးရွာမှာ ဖြစ်ပွားခဲ့ တဲ့ CDM ဝန်ထမ်းတွေ အသတ်ခံရတဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘယ်လိုဖြစ်တာလဲ၊ ဘယ်နေ့ကဖြစ်တာလဲ ဆိုတာကို ဆရာ သိသလောက် ပြောပြပေးပါရှင့်။

**ဖြေ။** ဟုတ်ကဲ့။ ဇွန်လ ၁၀ ရက်နေ့က စစ်ကောင်စီဘက်က ရှေ့ပြေးစစ်ကားနှင့်အတူ ခြေလျင် စစ်ကြောင်း ၂ နှင့် အခြားစစ်ကြောင်း ၃ ကြောင်းတို့ စတင် စစ်ထိုးလာတာကနေ စတင်ဖြစ်ပွားတာပါ။ စစ်ကြောင်းက ရွာကိုပတ်ပြီ စစ်ကြောင်း ထိုးတဲ့အခါမှာ ရွာထဲက CDM ဆရာကြီး၊ CDM အထက်တန်းသူနာပြု ဆရာမ၊ CDM ကျောင်းဆရာမနှင့် ရဲဘော်တစ်ဦးတို့ စစ်ကောင်စီ မိုင်းဆွဲပြီး လက်နက်ပစ်ခတ်မှုကို ရှောင်တိမ်းရင်းနဲ့ ဒူးမှာ ဒဏ်ရာရလာတဲ့ ဒေသကာကွယ်ရေး အဖွဲ့ဝင်တစ်ဦးက CDM ဆရာမလေး ဒဏ်ရာကုဖို့ သွားရင်းနဲ့ အကုန်လုံး စစ်ကောင်စီရဲ့ စစ်ကြောင်း တစ်ကြောင်းနဲ့ ထိပ်တိုက်တိုးပြီး ဖမ်းဆီး ထိန်းသိမ်းခံ လိုက်ရတာပါ။ ဆက်ပြီးစစ်ကြောင်းထိုးတဲ့ ရေစကြို မြောက် ဘက် ဝက္ကတော ကျေးရွာကနေ သစ်ကြီးတောရွာ အထိ ဓားစာခံ အနေနဲ့ ခေါ်သွားပြီး၊ သူတို့ကို စစ်ဆေးမေးမြန်းပြီး သူတို့ရဲ့ အချက် အလက်တွေ အကုန်ယူပြီး ၁၀ ရက်နေ့ညမှာပဲ အသတ် ခံရတယ်လို့ ထင်ပါတယ်။

**မေး။** သူတို့ကို ဖမ်းမိတဲ့နေရာက ဘယ်နေရာ လောက်မှာလဲ။

**ဖြေ။** ဒန်းပင်ကန်ရွာ အနောက်ဘက် တောရိုး ထဲ မှာပါ။

**မေး။** ဖမ်းဆီးခံလိုက်ရတဲ့ ဆရာကြီးတွေက ဘယ်လို မိသွား တာလဲ၊ ထွက်ပြေးနေရင်းနဲ့လား ရှောင်နေရင်းနဲ့လား ရှင့်။

**ဖြေ။** ရှောင်နေတဲ့နေရာမှာ မိသွားတာပါ။ ပြေးရင်းနဲ့ ဒဏ်ရာရလာတော့ သူ့ကို ဆေးကုသဖို့ ဆရာမတွေ ရှိတဲ့ နေရာကို ရောက်နေတဲ့အချိန် ဖမ်းမိသွားတာပါ။

**မေး။** ဒန်းပင်ကန်ကျေးရွာအနောက်ဘက်မှာ ဖမ်းမိ သွားပြီး သစ်ကြီးတောမရောက်ခင်မှာရော ဓားစာခံတွေ ဖမ်းခေါ် ခံရသေးလား။ ဘယ်လောက်ဖမ်းခေါ်ခံရသေးလဲ။

**ဖြေ။** ဖမ်းဆီးခံထားရသည့် ဆရာ၊ ဆရာမ ငါးယောက်အပြင် နောက်ထပ် ငါးယောက်နဲ့ သစ်ကြီး တောရွာက စစ်ဘေးရှောင်း ၃၀ ယောက်လောက်၊ စုစုပေါင် ဓားစာခံ ၄၀ လောက် ဖမ်းပြီး ခေါ်သွားတယ်။

**မေး။** ဆရာ၊ ဆရာမအပြင် ဖမ်းဆီးခံရသည့် ဓားစာခံ ငါးယောက်က ဘယ်ရွာတွေကလဲ။

**ဖြေ။** ဆရာ၊ ဆရာမတွေနဲ့ နောက်ထပ် ငါးယောက် ရယ်၊ ၁၀ ယောက်က ဒန်းပင်ကန်ရွာကပါ။ ကျန်တဲ့ ၃၀ က သစ်ကြီး တောရွာကပါ။

**မေး။** အလောင်းတွေကို ဘယ်နေရာလောက်မှာ ပြန် တွေ့တာ ပါလဲရှင့်။

**ဖြေ။** ဇွန်လ ၁၄ ရက်နေ့ နေ့လယ် ၁ နာရီလောက်မှာ ပြည်သူ တချို့ သတင်းပေးမှုနဲ့ ရေစကြိုမြို့နယ် ပိတ်သင်းကပ် ရွာရဲ့ အနောက်ဘက် ဘုန်းကြီးကျောင်း အနောက်ဘက် တောထဲမှာ ရှာဖွေတွေ့ခဲ့ပါတယ်။

**မေး။** အလောင်းတွေကို ဘယ်လိုပုံစံမျိုးတွေ တွေ့ရလဲ။

**ဖြေ။** ဆိုးဆိုးရွားရွားပါပဲ။ ခြေထောက်တွေ၊ ခေါင်းတွေ မရှိတော့ဘူး။ မပြေးနိုင်အောင် ခြေထောက်တွေ ဖြတ်ပြီး အရှင်လတ်လတ် မီးရှို့ထားတာလို့ ယူဆရတယ်။ မီးရှို့ထား တဲ့နေရာမှာ ရှန်းရင်းဆန်ခတ် ဖြစ်ထားတဲ့ လက်ရာ ခြေရာ တွေလည်း တွေ့ရတယ်။ အလောင်းတွေကို တွေ့တဲ့ အခါမှာ ကိုင်လို့ ထိလို့ မရအောင်ထိပဲ။ သူတို့ ညှင်းပန်းနှိပ် စက်ထားတာတွေကို ဖျောက်ဖို့နဲ့ အမျိုးသမီးတွေကို မုဒိမ်း ကျင့်တာတွေကို ဖျောက်ဖို့အတွက် ဒီလိုလုပ်တယ်လို့ ယူဆပါတယ်။

**မေး။** အလောင်းတွေက ၅ ရက်လောက်နေမှ ပြန်တွေ့တာဆိုတော့ ညှင်းပန်းနှိက်စက်ထားသည့် ပုံစံတွေကို ရော မြင်ရသေးလား။

**ဖြေ။** အလောင်းက ဘယ်လိုမှ ကောက်ချက်ချလို့ မရဘူး။ အလောင်းတောင်မှ အတော်ခွဲယူရတယ်။ သက်သေခံ ပစ္စည်း ကျန်နေခဲ့တဲ့ အလောင်းတွေမှာ သွေးစသွေးနတွေ တွေ့ရတယ်။ လက်ထိပ်တွေမှာလည်း သွေးစသွေးနတွေ တွေ့ရ တယ်။ ဒါက မသေခင်မှာ တော်တော်လေး ညှင်းပန်းနှိက်စက် ထားတာကို သိနိုင်ပါတယ်။

**မေး။** မီဒီယာမှာ တွေ့လိုက်တာ အလောင်းတွေကို တွေ့တော့ ခြေထောက်တွေ မတွေ့ရတော့ဘူးဆိုတာ ဟုတ်ပါသလား။ ခြေထောက်တွေ သပ်သပ်စီဖြစ်နေတာလား၊ မီးကျွမ်းပြီ အရိုးပဲ ဖြစ်နေတာလား ရှင့်။

**ဖြေ။** ဟုတ်ပါတယ်။ တစ်ယောက်မှ ခြေထောက် မပါ တော့ပါဘူး။ မီးကျွမ်းထားတာပါ။ ဒါပေမဲ့ အရိုးတွေက ကြည့်လိုက်တော့ ဖြတ်တောက်ခြင်းခံထားရတာ တွေ့ရပါ တယ်။

**မေး။** ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီ နောက်ထပ် အချက် အလက်များ ရရှိထားတာရော ရှိသေးလား။

**ဖြေ။** နောက်ထပ်သိရတာကတော့ လုံချည်တွေ ထပ်တောင်း သွားတယ်ဆိုတာ သိရတဲ့အတွက် အမျိုးသမီးတွေ ကို မုဒိမ်း ကျင့်ပြီ ရက်ရက်စက်စက် သတ်ဖြတ်သွားတယ်လို့ ယူဆရ တယ်ပေါ့။ အတိအကျတော့ မပြောနိုင်ပါဘူး။

**မေး။** CDM ဆရာ၊ ဆရာမတွေ အားလုံးကတော့ PDF ရဲဘော်တွေလား။

**ဖြေ။** ကလေးတွေ ပညာရေးစနစ် လည်ပတ်နိုင် အောင်လို့ ပူပေါင်းပါဝင်တဲ့သူတွေပါ။ သူနာပြု ဆရာမကတော့ ဆေးတပ်ဖွဲ့နေရာမှာ တာဝန်ယူ လုပ်ဆောင်ပေးနေတယ်လို့ သိရပါတယ်။ ဒန်းပင်ကန်ကျေးရွာအနီးက ရွာတွေကိုလည်း ၂၄ နာရီ ဆေးလိုက်ကုပေးပါတယ်။ ရဲဘော်တွေနဲ့အတူ ပြည်သူတွေ ကိုလည်း ဆေးလိုက်ကုပေးပါတယ်။

**မေး။** သစ်ကြီးတောက ၃၀ ယောက်နဲ့ ကျန်တဲ့ ငါးယောက် ကရော ပြန်လွတ်လာပြီလား။

**ဖြေ။** ကျန် ငါးယောက်က လွတ်တယ်။ ဒီ ငါးယောက်ကိုပဲ ဖမ်းဆီးသတ်ဖြတ်လိုက်တာပါ။

**မေး။** ဒီ ငါးယောက်ကို ဖမ်းဆီးသတ်ဖြတ်တာကို ကျန်တဲ့ ငါးယောက်က မြင်ရတာတွေရောရှိလား။

**ဖြေ။** အဲဒီလို မမြင်ရဘူး။ ၁၀ ရက်နေ့ ညနေမှာ လက်ပြန်ကြိုးတုပ်ပြီး ဖမ်းဆီးလာတဲ့ လူ ငါးယောက်ကို တွေ့လိုက်တယ်။ ၁၁ ရက်နေ့ သူတို့ပြန်တဲ့အချိန်မှာတော့ မတွေ့ဘူးတဲ့။ ဒါပေမဲ့ ၁၀ ရက်နေ့ညမှာ လူကို မီးရှို့တဲ့အနံ့တွေနဲ့ သေနတ်ပစ်သံတွေနဲ့ အော်သံတွေကြားရတဲ့ လူတွေရဲ့ ပြောပြချက်အရ ၁၀ ရက်နေ့ ညခင်းလောက်မှာ အသတ်ခံရ တယ်လို့ ယူဆ တယ်။

**မေး။** သစ်ကြီးတောရွာက ဖမ်းခံရသည့် ၃၀ ယောက် ကရော ပြန်လွတ်လား၊ သူတို့တွေကရော ဘာတွေ ပြောကြ သေးလဲ။ လမ်းမှာ သူတို့ကို ဘာတွေ ခိုင်းသေးလဲ။

**ဖြေ။** လွတ်လောက်မယ်။ သူတို့ကလည်း ကျွန်တော်တို့ကို တောင် ပြောပြဖို့ ကြောက်နေကြတယ်။ သူတို့ စစ်အသုံး အဆောင်ပစ္စည်းတွေ သယ်ခိုင်းတာ၊ ထမ်းခိုင်းတာ တွေတော့ ရှိတယ်။

**မေး။** အဲဒ့ီရက်ပိုင်းမှာ တခြားရွာတွေမှာ ဘာတွေ ထပ်ပြီး ဆုံးရှုံးတာတွေ ဖြစ်သွားသေးလဲ။

**ဖြေ။** ရှိတယ်။ သစ်ကြီးတော စာသင်ကျောင်းမှာ ခဏတပ်ဆွဲပြီး ပျူ (စောထီး) တွေရဲ့သတင်းပေးချက်အရ အိမ်ခြေစုစုပေါင်း ၈၀ ကျော်နီးပါးကို မီးရှို့သွားတယ်။

**မေး။** အိမ်တွေအပြင် တခြား ဘာတွေ ဆုံးရှုံးသွားသေးလဲရှင့်။

ဖြေ - တချို့ ကျွဲ၊ နွားတွေ သေနေတာ၊ တချို့က ရုတ်တရက် ရှောင်ရတာဆိုတော့ သူတို့ ပစ္စည်းတွေ မယူနိုင် တော့ ပစ္စည်းဆုံးရှုံးမှုတွေလည်း ရှိတာပေါ့။

**မေး။** မီးမရှို့တဲ့အိမ်တွေက ပစ္စည်းတွေကိုရော ယူသွားတာမျိုး ရှိလား။

**ဖြေ။** အရင်ဆုံး အိမ်တွေ အကုန်မွှေနှောက်ပြီး သူတို့ လိုချင်တာ တွေယူပြီးမှ မီးရှို့သွားတာပါ။

**မေး။** ဒန်းပင်ကန်ရွာကိုရော မီးရှို့သွားသေးလား။

**ဖြေ။** ရဲဘော်တွေရဲ့ ပစ္စည်းတွေတော့ မီးရှို့ခံရတယ်။ ကျန်တာတွေတော့ မီးရှို့မခံရပါဘူး။

**မေး။** နောက်ထပ်ဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲရှင့်။

**ဖြေ။** အဓိက ပညာရေးနယ်ပယ်က CDM ဝန်ထမ်း တွေကို ကြောက်အောင်လို့ လုပ်ပြတယ်လို့ ယူဆတယ်။ ကျန်တာကတော့ သူတို့က အကြမ်းဖက်ဝါဒကို ကျူးလွန် တာပေါ့လေ။ သူတို့အနေနဲ့ CDM ဆရာ၊ ဆရာမတွေအတွက် တရားဥပဒေ သတ်မှတ်ထားတာရှိတယ်ပေါ့နော်။ အဲ့ဒါနဲ့ မဟုတ်ဘဲ အခုလို လုပ်တာကတော့ လူသားချင်းမစာမနာ လုပ်ဆောင်ပြီး အကြမ်း ဖက်ဝါဒကို တော်တော်လေး ကျူးလွန်တာလို့ ပြောချင် ပါတယ်။

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၁၈၇၅

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က မြသွဲ့သွဲ့ခိုင် ပစ်ခတ်သတ်ဖြတ်ခံရပြီးချိန်မှာ ယနေ့အထိ အကြမ်းဖက် စစ်တပ်က သတ်ဖြတ်မှုဖြစ်စဉ်အရေအတွက်။ သတ်ဖြတ်မှု ဖြစ်စဉ်များအတွင်း အကြမ်းဖက်စစ်တပ်လက်အောက်ခံ တပ်မ ၇၇ နှင့် ၄၄ တို့ ပါဝင်သည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်က ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုဖြစ်စဉ်တွင် အကြမ်းဖက်စစ် တပ်က ရွာအတွင်းသို့ အချက်ပေါင်း ၄၀၀ ကျော်ခန့် တောက်လျှောက် ပစ်ခတ်ခဲ့သည့်အပြင် သေဆုံးခဲ့သူများမှာ လည်း မသေမချင်း အချက်ပေါင်းများစွာ ပစ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။

## ၃၃၇ +

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ကျူးလွန်ခဲ့သည့် မတူညီသော ပစ်ခတ်မှုဖြစ်စဉ်များစွာအနက် ဖြစ်စဉ် ၁၃ ခုတွင် အနည်းဆုံး အရပ်သားပြည်သူ ၃၃၇ ဦး သေဆုံးခဲ့သည်။ ယင်း ၁၃ ကြိမ်မှာ ပဲခူးနှင့် ကရင်နီတို့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မြေပြင်အချက်အလက်နှင့် AAPP က ကောက်ယူထားသည့် အချက်အလက်များအရ အကြမ်းဖက် စစ်တပ်က ယင်းဖြစ်စဉ်များ၌ သံချပ်ကာ ကားများ၊ စက် သေနတ်ကဲ့သို့သော အစုအပြုံလိုက် သေစေနိုင်သည့် စက် လက်နက်များ အသုံးပြု၍ ပစ်ခတ်တိုက် ခိုက်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုသည် ဒီမိုကရေစီလိုလားသည့် ဆန္ဒပြ သူများနှင့် အရပ်သားပြည်သူများ အပေါ် အစုအပြုံလိုက် သေစေ လိုသည့် ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ထားနေခြင်းကို သက်သေ ပြလျက် ရှိသည်။

## ၁၃၉၀၂

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းချိန်မှ ယနေ့အချိန်အထိ နိုင်ငံရေးအကျဉ်းသား ၁၃,၉၀၂ ဦးကို ဖမ်းဆီးခံခဲ့ကာ ယင်းအနက် ၁၀,၈၄၇ ဦးအား ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်အထိ ဖမ်းဆီးချုပ်နှောင်ထားဆဲ ဖြစ်သည်။ ဖမ်းဆီးမှု များ ပြုလုပ်သည့်အချိန်၌လည်း အကြမ်းဖက် ရိုက်နှက်ခြင်း များအား အကြမ်းဖက်စစ်တပ်က ကျူးလွန်ခဲ့ကာ လူ့အခွင့် အရေးကြေညာစာတမ်းပါ အချက်အလက်များ၊ နိုင်ငံတကာ ဥပဒေများနှင့်ပါ ဆန့်ကျင်သည့် လုပ်ရပ်ဖြစ်သည်။ ထို့ပြင် ဖမ်းဆီးခံရသူများသည် ချုပ်နှောင်ခံထားရစဉ်အတွင်း စိတ်ပိုင်း ဆိုင်ရာ ညှင်းပန်းနှိပ် စက်မှုများကိုလည်း ကြုံတွေ့ခဲ့ရသည်။

## ၃၃၈ +

နိုင်ငံတွင်းရှိ အနည်းဆုံး ကလေးသူငယ်ပေါင်း ၃၃၈ ဦးသည် အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးမှုကို ခံခဲ့ရကာ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခံခဲ့ရသည်။ ၎င်းတို့ထဲမှ ၆၅ ဦးမှာ မည်သည့် ပြစ်မှုမှ ကျူးလွန်ခြင်းကြောင့် မဟုတ်ဘဲ မိဘများ ကိုယ်စား ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသူများ ဖြစ်သည်။

## ၂၂၉

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းရန် ကြိုးစားချိန်မှ ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်အထိ ဆေးပညာနယ်ပယ်မှ လူပုဂ္ဂိုလ်များအား အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၂၉၉ ကြိမ်အထိ ကျူးလွန်ခဲ့သည်။ ယင်းအနက် ၁၁ ကြိမ်တွင် လူသေဆုံးမှုများအထိ ဖြစ်ခဲ့သည်။

## ၇၀၀,၀၀၀

စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းချိန်မှ ယနေ့အချိန်အထိ ပြည်သူများအပေါ် ရာဇဝတ်မှုများ ကျူးလွန်ရန် ရည်ရွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ လုပ်ဆောင်ခြင်းများကြောင့် မြန်မာပြည် တောင်ပိုင်း တနင်္သာရီတိုင်းမှ မြန်မာပြည် အလယ်ပိုင်း စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူပေါင်း ခုနစ်သိန်းကျော်မှာ အစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် မေလ အထိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ရသူပေါင်း တစ်သန်းကျော်ရှိကာ ခုနစ်သိန်းမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်တပ် အာဏာသိမ်းပြီးနောက် စစ်အုပ်စုက ကျူးလွန်သည့် ရာဇဝတ်မှု များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရခြင်း ဖြစ်သည်။ အကြမ်းဖက် စစ်တပ်က အကြမ်းဖက် လူသတ်မှုများ၊ နေအိမ်များ ဖျက်ဆီးမီးရှို့ခြင်းများ ပြုလုပ်၍ ပြည်သူများ နေရပ် စွန့်ခွာရသည်သာမက ကျေးရွာပတ်လည်တွင်လည်း မြေမြှုပ် မိုင်းများ ထောင်ထားခြင်းများကြောင့် နေရပ်ပြန်ရန် လုံခြုံမှုကင်းမဲ့နေသည့်အပြင် မြို့နယ်အချို့၌ လုံခြုံရေး အကြောင်းပြကာ တင်းကြပ်သည့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခိုင်းခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းများကိုပါ ပြုလုပ်နေခြင်းသည် ပြည်သူများ နေရပ်စွန့်ခွာရန် အဓိက တွန်း အားဖြစ်နေစေသည်။

## ၄၄ - ၆၆ - ၇၇ - ၈၈

အာဏာသိမ်းထားသည့် စစ်တပ်က အရပ်သားများအပေါ် ပြစ်မှတ်ထား ပစ်ခတ်၊ သတ်ဖြတ်မှုများကို ကျူးလွန်နေ ရာ၌ အဓိကအားဖြင့် ၎င်းတို့ လက်အောက်ရှိ တပ်မ ၄၄၊ ၆၆၊ ၇၇ နှင့် ၈၈ တို့အားသုံး၍ အများဆုံး လုပ်ဆောင်နေခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့သည့် ပြည်သူများ အစုအပြုံလိုက် သတ်ခံရသည့် ဖြစ်စဉ် အား တပ်မ ၄၄ နှင့် တပ်မ ၇၇ တို့က ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ် ခရစ္စမတ်မနေ့မတိုင်မီက စစ်ကိုင်း တိုင်း ကနီမြို့နယ်တွင် ဖြတ်လေးဖြတ် စစ်ဆင်ရေးဖြင့် ဒေသခံပြည်သူများအား အစုလိုက်အပြုံလိုက် သုတ်သင် သတ်ဖြတ်မှုများအား တပ်မ ၆၆ နှင့် ၈၈ က ကျူးလွန်ခဲ့သည်။ ယင်းအစုအပြုံလိုက် သတ်ဖြတ်မှုအပြီး အကြမ်း ဖက်စစ်ကောင်စီ၏ ပြန်ကြား ရေးပုဂ္ဂိုလ် ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မ ၆၆ မှ စစ်သည် များသည် စစ်ဆင်ရေးဆောင် ရွက်စဉ် စစ်စည်းကမ်း များအတိုင်း လိုက်နာခဲ့ကြောင်း ထုတ်ဖော် ပြောဆိုခဲ့ရာ ယင်း သတ်ဖြတ်မှုအတွက် ကြိုတင်စီစဉ်ထား ကြောင်း ဖော်ပြ နေသည်။

ရောမစာချုပ် ပုဒ် ၂၅ နှင့် ၂၈ အရ ၎င်းတို့ ကိုယ်တိုင်ဖြစ်စေ၊ အခြားသူများကြောင့် ဖြစ်စေ၊ ဖြစ်ပေါ်စေခဲ့သော အဆိုပါ ဖြစ်စဉ်များအားလုံးတွင် ၎င်းတို့၏ လက်အောက်ခံ ငယ်သားများ ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် စစ်အုပ်စု ခေါင်းဆောင် များ ကိုယ်တိုင် တာဝန်ခံကြ ရမည် ဖြစ်သည်။

ကိုးကား။ AAPP

စာ ၁ မှ အဆက်

## ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

**(ဇူလိုင်လ ပထမနှစ်ပတ်တာကာလအတွင်း)**

- “Kaung For You Education” မှ ဆရာ/ဆရာမများကို အကြမ်းဖက် စစ်အုပ်စုက ဖမ်းဆီးခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာ ချက် **(၁၄ ဇူလိုင်)**
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ ဒူဝါလရှီးလ နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး H.E. Michelle Bachelet တို့ ကြားအွန်လိုင်းတွေ့ဆုံပွဲနှင့် ပတ်သက်၍ ထုတ်ပြန် ချက် **(၁၅ ဇူလိုင်)**
- ပြည်သူလူထုနှင့် အမျိုးသားညီညွတ်ရေး အစိုးရတွေ့ဆုံပွဲ **(၁၇ ဇူလိုင်)**